# မှန်သော ကိုးကွယ်ခြင်း

အခြေပြုကျမ်းချက်။ ။**ဘုရားသခင်သည် နံ၀ိညာဉ်ဖြစ်တော်မူ၏။ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည် နာမ်ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း၊ ကိုးကွယ်ရမည်။(ယောဟန်၄း၂၄ )**

## နာမ်ဝိညာဉ်နဲ့ဘုရားကို ကိုးကွယ်တယ်ဆိုတာ ဘာကိုပြောတာလဲ ။

နာမ်ဝိညဉ်ဆိုတာ ကိုင်တွယ်လို့မရ၊ ထိတွေ့လို့မရ ၊ မြင်လည်းမမြင်နိုင်ဘူး ႉ ႉ ရိုးရိုးလေးပါ။ နာမ်ဝိညာဉ်နဲ့ဘုရားကို- ကိုးကွယ်တယ်ဆိုတာ မမြင်နိုင်သောဘုရားကို မမြင်နိုင်သောနည်းလမ်းနဲ့ ကိုးကွယ်ခြင်းကို ပြောတာပါ။ အသက်ရှင်သော နာမ်ဝိညာဉ်ဘုရားကို မြင်နိုင်တဲ့နည်းလမ်းနဲ့ ကိုးကွယ်လို့မရပါဘူး။ ဒီကနေ့ လူများစွာဟာ မြင်နိုင်တဲ့နည်းလမ်းနဲ့ပဲ ကိုးကွယ်နေကြတယ်။ ကိုးကွယ်ခြင်းကို မြင်နိုင်တဲ့အရာ တွေအပေါ်မှာပဲ အခြေပြုထားကြတယ်။ နောက်ဆုံး ကိုယ်ကိုးကွယ်ရမယ့်အရာကို- ကိုယ်ကပဲ ဖန်တီးယူလာကြတယ်။ ဘာကြောင့်လဲ၊ မြင်ရမှကျေနပ်နိုင်ကြတယ်လေ။ တကယ်တော့ မြင်နိုင်တဲ့ ရုပအရာအားလုံးဟာ မမြင်နိုင်တဲ့အရုပအရာကြောင့်သာ တည်ရှိနေတာပါ။ နောက်ဆုံး စကြာ၀ဠာကြီးတစ်ခုလုံးဟာ မမြင်နိုင်တဲ့ထာဝရဘုရားကြောင့်သာတည်ရှိနေတာပါ။ ဒီလိုပါပဲ လူတစ်ယောက်ဟာလည်း မမြင်နိုင်တဲ့အတွင်းထဲက ဘုရားအထံတော်ကလာတဲ့ နာမ်ဝိညာဉ်သာမရှိရင် မြေကြီးခန္ဓာကြီး ဘယ်လိုမှ မလှုပ်ရှားနိုင်ဘူးမဟုတ်ပါလား။

ဒါဆို ဆက်ကြည့်ရအောင် မမြင်နိုင် သောဘုရားကို မမြင်နိုင်သော နည်းလမ်းနဲ့ ကိုးကွယ်ခြင်း ဆိုတာဘာလဲ။ ယုံကြည်ခြင်းကိုပြောတာပါ။ အခိပ္ပါယ်က ဘုရားသခင်ကို ခန္ဓာမျက်စိနဲ့မမြင်ရပါဘူး။ ဒါပေမဲ့ ဘုရား အမှန်တကယ်ရှိနေတယ်လို့ စိတ်ချနေတာကို ယုံကြည်ခြင်းလို့ခေါ်ပါတယ်။ မြင်ရလို့၊ မြင်ရမှ စိတ်ချတာမျိုးမဟုတ်ပါဘူး။ဘုန်းတန်ခိုးနဲ့ပြည့်စုံသောကိုယ်ခန္ဓာနဲ့တကွ ထမြောက်လာတဲ့ ခရစ်တော်ဘုရား၊ တမန်တော်တွေ စည်းဝေးရာ အခန်းထဲကို ရောက်လာတော့ သောမ **(Thomas)** က သံသယ ဖြစ်တယ်။ ကိုယ်တိုင်ထိတွေ့လိုက်မှ ခရစ်တော်ဘုရားဖြစ်ကြောင်း သံသယရှင်းစွာ သိသွားတယ်။ ဒီအချိန်မှာ ခရစ်တော်က ငါ့ကိုမမြင်ဘဲ ယုံတဲ့သူမင်္ဂလာရှိတယ်လို့ပြောခဲ့တယ်။

**ရောမ၄း၁၉-၂၂** ကို ကြည့်တဲ့အခါ ဘုရားက အာဗြဟံကို သားပေးမယ်လို့ ကတိရှိတဲ့အချိန်မှာ အာဗြဟံမယားစာရာဟာ ဣဇာက် **(Isaac)** ကို ကိုယ်ဝန်မဆောင်သေးပါဘူး။ကိုးလလွယ်ဆယ်လဖွား ဆိုတဲ့အစဉ်အလာအရကြည့်ရင် ကတိတော်ကိုရပြီး ဆယ်လကြာမှဣဇာက် **(Isaac)**ကို မျက်ဝါးထင်ထင် တွေ့ရတာပါ။ ကတိတော်ကိုရတဲ့အချိန်နဲ့ ကတိတော်နဲ့ယှဉ်တဲ့အရာကို ရတဲ့အချိန်ဟာ ကြားထဲမှာ အချိန်ကာလတစ်ခုကို ဖြတ်သန်းရတယ်။ ဆိုလိုတာက ကတိတော်နဲ့ယှဉ်တဲ့အရာကိုရမှ ကတိတော်ကို စိတ်ချရဖို့မဟုတ်ဘူး။ ကတိတော်ကိုရတဲ့အချိန်မှာ တစ်ခါတည်း ကတိတော်နဲ့ယှဉ်တဲ့အရာကိုရပြီလို့ ခံယူနိုင်တာကို ယုံကြည်ခြင်းလို့ခေါ်တယ်။

ကတိတော်နဲ့ယှဉ်သောအရာကိုရမှ ချီးမွမ်းတာမျိုး မဟုတ်ဘဲ ကတိတော်ကိုရတာနဲ့ချီးမွမ်းဘို့ပါ။ ကျွန်တော်တို့ရဲ့ချီးမွမ်းခြင်း ဘယ်တော့မှနောက်မကြပါစေနဲ့။ ဒါကြောင့် မြင်နိုင်သောနည်းလမ်းနဲ့ဘုရားကို ကိုးကွယ်ခြင်းက ကိုးကွယ်ခြင်း မမည်ပါဘူး။ ဒါကို သိပ်သဘောမပေါက်သေးတဲ့ ခရစ်ယာန်များပင်လျှင် ယေရှုပုံရှေ့မှာထိုင်ပြီး ဆုတောင်းတာတို့မျက်စိထဲမှာ ဆုတောင်းရင် အာရုံထဲမှာ အဲဒီပုံကိုပဲ သွားမြင် တတ်တာတွေ တွေ့ရတယ်။ အဲဒီလိုပြောလို့ ဒီပုံတွေကို ဖြုတ်ပစ်ရမယ်လို့မဆိုလိုပါဘူး။ မျက်စိရှိရက်နဲ့ မမြင်နိုင်၊ ပါးစပ်ရှိရက်နဲ့မပြောနိုင်၊ နားရှိရက်နဲ့မကြားနိုင် တဲ့ပုံက ကျွန်တော်တို့ကို ဘာမှလုပ်မပေးနိုင်တဲ့ အပြင် ကျွန်တော်တို့က ပြန်ပြီး၊ ဖုံတွေသုတ်ပေးရတယ်၊ အိမ်ပြောင်းရင် ကိုယ်က သယ်သွားပေးမှ ပို့ပေးမှရောက်ရတဲ့ အဲဒီပုံကို စွဲလန်းနေရင် ကိုးကွယ်ခြင်းအမှန်မရောက်နိုင်ပါဘူး။ **ယေရမိ၃၃း၃** “ငါ့ကိုခေါ်လော့ ငါထူးမည်”လို့ ကတိပေးတဲ့ဘုရားဆိုတာ အဲဒီပုံကိုပြောနေတာ မဟုတ်ပါဘူး၊ အဆိုးဆုံး ကတော့ “ငါ့ကိုခေါ်လော့ ငါထူးမည်”ဆိုတဲ့ ကျမ်းချက်ကို အဲဒီပုံကြီးနဲ့တွဲထားခြင်းပါပဲ။

ဘာသာရေးဆန်တဲ့ကိုးကွယ်ခြင်းက မြင်ရတဲ့မြင်နိုင်တဲ့အရာအပေါ်မှာ အခြေပြုပေမယ့် ဝိညာဉ်ရေးဆန်တဲ့ကိုးကွယ်ခြင်း အမှန်ကတော့ မြင်နိုင်တဲ့အရာအပေါ်မှာ လုံးဝ အခြေမပြုပါဘူး။ ဘုရားရှင် တကယ်အလိုရှိတာတာဟာ **Religious** မှာ **Gain** ဘို့မဟုတ်ဘဲ **Spiritual** မှာ **Gain** ဖို့ ပါ။ ဘာသာရေးဆန်တဲ့ မြင်နိုင်တဲ့အရာတွေအပေါ်မှာအခြေပြုကိုးကွယ်ခြင်းတွေက နောက်ဆုံး **Spiritual** မှာ မ **Gain** ဘဲ **Popularity** မှာပဲ **Gain** သွားကြတယ်။ကိုးကွယ်ခြင်းနဲ့ ပတ်သက်လာရင် ကိုးကွယ်တဲ့ နေရာထက် ကိုးကွယ်ခြင်းကိုခံတဲ့ဘုရားက အရေးကြီးတာပါ။

ဒါပေမယ့် ဝမ်းနည်းစရာက ကိုးကွယ်ခြင်းကိုခံထိုက်တဲ့ထာဝရဘုရားရှင်ထက် နေရာတွေကိုပိုပြီး ဦးစားပေးကြတယ်။ သာယာမှုတွေပဲ ဖြစ်လာပြီး၊ မှန်ကန်မှုတွေ ပျောက်လာတယ်။ **ကမ္ဘာဦးကျမ်း ၄း၁-၇** ထဲက အာဗေလနဲ့ သူ့ရဲ့ပူဇော်သက္ကာကို ဘုရားလက်ခံနိုင်တာဟာ ယုံကြည်ခြင်းကြောင့် ဖြစ်တယ်ဆိုတာကို **ဟေဗြဲ ၁၁း၄** မှာ အတိအကျ တွေ့ရပါတယ်။ ဒါကြောင့် ယုံကြည်ခြင်းဆိုတာ **ဟေဗြဲ၁၁း၆** . "ဘုရားသခင် ရှိတော်မူသည်ကို လည်းကောင်း". . . လို့တွေ့ရတဲ့အတွက် ဘုရားသခင်ကို ခန္ဓာမျက်စိနဲ့မမြင်နိုင်ပါဘူး၊ သို့သော် အမှန်တကယ်ရှိနေတယ်၊ ကိုယ့်ကို မစနေတယ်၊ ကြည့်ရှုနေတယ်။ကိုယ့်ရဲ့ ဖြစ်ခြင်းအားလုံးဟာ ဘုရားနဲ့ပဲဆိုင်တယ်လို့ စိတ်ချနေတာဟာ ယုံကြည်ခြင်းပါ။ ဒီလောက်ဆိုရင် နာမ်ဝိညာဉ်နဲ့ဘုရားကို ကိုးကွယ်ခြင်းဆိုတဲ့အရာကို သေချာသဘောပေါက်လောက်ပါပြီ။

**သစ္စာနဲ့ ကိုးကွယ်ခြင်းဆိုတာကကော ဘာကိုပြောနေတာလဲ။**

ဘုရားသခင်ထံက တစ်စုံတစ်ခုကို ရလိုမှုနဲ့ဘုရားကို ကိုးကွယ်နေတာ။ ဥပမာ စား၊ဝတ်၊ နေရေးကိစ္စတွေ အဆင်ပြေဖို့ ဘုရားကို ကိုးကွယ်နေတာတွေက သစ္စာနဲ့ကိုးကွယ်ခြင်းလို့ ပြောလို့မရပါဘူး "သင် ကောင်းလျှင် ကျွန်ုပ် မဆိုးပါ" ဆိုတဲ့ဆောင်ပုဒ်လို ဖြစ်မနေဘူးလား။ ဘုရားက ကိုယ့်ကို ကောင်းကြီးပေး**လို့**၊ကယ်**လို့**၊မစ**လို့**၊ ကျွေးမွေး**လို့**. . . စတဲ့အရာတွေကြောင့် ကိုးကွယ်နေတာမှားသလို - ကောင်းကြီးပေး**ဖို့**၊ကယ်**ဖို့**၊မစ**ဖို့**၊ကျွေးမွေး**ဖို့**. . . စတဲ့အရာတွေကို မျှော်လင့်ပြီး ကိုးကွယ်ခြင်းဟာလည်း မှားပါတယ်။ **ဒံယေလ ၃း၁၆-၁၈** ကိုကြည့်ရင် နေဗုခဒ်နေဇာမင်း က သူ တည်လုပ်ထားတဲ့ရွှေရုပ်ထုကြီးကို ကိုးကွယ်ဖို့ အမိန့်ပေးခြင်းကို ဒံယေလရဲ့သူငယ်ချင်းသုံးယောက် ဖြစ်တဲ့ ရှာဒရက်၊ မေရှက်၊အဗေဒနေဂေါတို့က ငြင်းဆိုခဲ့ကြတယ်။ နောက်ဆုံး အဲဒီရွှေရုပ်တုကြီးကို မကိုးကွယ်တဲ့သူ မီးပုံထဲကို ချပစ်မယ်ဆိုပြီး မီးအရှိန်ကိုနှစ်ဆတိုးလိုက်တဲ့အချိန်အထိ ရွှေရုပ်တုကို လုံးဝမကိုးကွယ်ဘဲ ရပ်တည်နိုင်ခဲ့ကြတယ်။ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့က "အရှင်မင်းကြီး နေဗုခဒ်နေဇာ. . ကျွန်ုပ်တို့ ကိုးကွယ်တဲ့ ဘုရားသခင်က အဲဒီမီးထဲကနေရော၊ အရှင်မင်းကြီးလက်ထဲကပါ၊ ကယ်တင်နိုင်တဲ့ဘုရားဖြစ်တယ်။ တကယ်လို့ ဘုရားက မကယ်တင်ရင်လည်း အရှင်မင်းကြီး တည်ထားတဲ့ရွှေရုပ်တုကို မကိုးကွယ်ပါ" လို့ပြောကြတယ်။ သူတို့သုံးယောက် ပြောတဲ့စကားတွေကို ကြည့်ရင် အပိုင်းနှစ်ပိုင်းခွဲပြီး တွေ့ရသလို၊ ပထမဆုံးပြောခဲ့တဲ့ **(ယော ၄း၂၄)** နဲ့ တစ်ထပ်တည်း ကိုက်ညီနေတာကို တွေ့ရတယ်။

**ပထမပိုင်း**

"အရှင်မင်းကြီး. . ကျွန်ုပ်တို့ ကိုးကွယ်တဲ့ဘုရားသခင်က အဲဒီမီးထဲကနေရော၊ အရှင်မင်းကြီးလက်ထဲကပါ၊ ကယ်တင်နိုင်တဲ့ဘုရား ဖြစ်တယ်။"

**ဒုတိယပိုင်း**

"တကယ်လို့ ဘုရားက မကယ်တင်ရင်လည်း အရှင်မင်းကြီးတည်ထားတဲ့ရွှေရုပ်တုကို မကိုးကွယ်ပါ"

ပထမပိုင်းက **ယုံကြည်ခြင်း**ကို ပြောနေတာဖြစ်ပြီး

ဒုတိယပိုင်းက **သစ္စာ**ကို ပြောနေတာဖြစ်တယ်။

ဒါကြောင့် ချစ်သောမိတ်ဆွေ ကိုးကွယ်ခြင်းအမှန်က ရ**ဖို့** မဟုတ်သလို ရ**လို့**လည်း မဟုတ်ပါဘူး ကိုးကွယ်ခြင်း အမှန်ကိုရခြင်း မရခြင်းက မဆီးတားနိုင်ပါဘူး။အဲဒီကိုးကွယ်ခြင်း အမှန်ကို သင်ရောက်သွားရင် "ခရစ်တော်ကို အမြတ်ရ၍ ထိုသခင်၌ တည်ပါမည်အကြောင်း၊ ခပ်သိမ်းသောအရာကို မစင်ကဲ့သို့ ငါသတ်မှတ်၏" (ဖိလိပ္ပိ ၃း၁၁) ဆိုတဲ့အရာကို ကောင်းကောင်းသဘောပေါက်သွားမှာပါ။ မှန်သောကိုးကွယ်ခြင်းကို ထာဝရကာလအထိ ခံထိုက်တဲ့ဘုရားရှင်က သူနဲ့ဆိုင်တဲ့ သင့်အထဲမှာ သူထည့်ထားပြီးဖြစ်တဲ့ သင့် အထဲကအရာကို အမှန်တကယ် မြင်တွေ့ကိုးကွယ်နိုင်ဖို့ . . . ဆန္ဒပြုရင်း

ချစ်ပို (ရှာသားကြီး)

(mercypa@gmail.com)